

Ohh
Oh My Lord
NANN YEIN

## Ohh... Oh My Lord!

king အင်ပါယာရဲ့ တစ်ဦးတည်းသော အမွေ ဆက်ခံမယ့်သူ

ကျောက်မျက် ရတနာလောကမှာတော့ ဘုရင်တစ်ပါးလိုပဲ...

အားလုံးက တင်စားကြတာတော့ သူက ငယ်ငယ်ထဲက ဘုရင် တစ်ပါးဖြစ်ဖို့ ဖြစ်တည်လာတဲ့ သူတဲ့...

ဆရာ့ဘက်က ဝန်ကြီးချုပ် နေရာရဖို့ဆိုရင် ကျောထောက် နောက်ခံကောင်းကောင်း လိုအပ်တာ သိမှာပါ...

သူက ဆရာ့ရဲ့ အိပ်မက်တွေကို ပါရမီ အပြည့်ဖြည့်နိုင်မယ့် တစ်ဦးတည်းသော နတ်ဘုရားပဲ...

***

## အပိုင်း(၁)

"ဒီနေ့ ခခ ကျောင်းလာမှာတဲ့..."

"နင့်ကို ဘယ်သူပြောလဲ..."

အခိုင်အမာ သတင်းရထားသလို ပြောနေသော ကောင်မလေး တချို့...၊

ပုဂ္ဂလိက တက္ကသိုလ် တစ်ခုရဲ့ အလှပဂေး ကောင်မလေးများ သာမက ကောင်လေးအချို့မှာ မျှော်မှန်းရသောနေ့...

ဘာလို့ဆိုရင် သူတို့ SST college ရဲ့ ဘုရင်လေးလို့ တင်စား ထားတဲ့ လမင်းခကြွေ ကျောင်းတက်မယ့်နေ့ပင်...

လမင်းခကြွေရဲ့ အပြုံးလေးကို ကြွေတဲ့ သူတွေရှိသလို... သူ့ရဲ့ အရည်အချင်းကို ကြွေတဲ့သူတွေလည်း ရှိတယ်... အများစုသော ကျောင်းသူ ကျောင်းသားများကတော့ သူတို့ ဦးနှောက်ထဲက ဂဏန်းပေါင်းစက်ရဲ့ အလုပ်လုပ်မှုအရ လမင်းခကြွေသည်သာ သူတို့ရဲ့ အိပ်မက်တွေ အကောင်အထည် ဖော်နိုင်မယ့် ဘုရင်လေး...

"ချိုမီ... နင့်ကို လင်းက သဘောကျနေတယ် ဖွင့်ပြောတာ နင်က ငြင်းပစ်တယ်ဆို..."

ကျောင်းဝင်း တစ်ခုလုံးကို လှမ်းမြင်နိုင်တဲ့ ဝရန်တာ တစ်ခုမှာ မတ်တတ်ရပ်နေကြရင်း သူတို့ သူငယ်ချင်းမလေးကို မေးလိုက်ရင်း အဖြေကိုပါ စိတ်ဝင်စားနေကြသည်။

"သွားစမ်းပါကွာ... ခခလို လူမျိုးကို မြင်ပြီးကတည်းက လင်းမြတ်သူ ဆိုတာကို ခံစားပေးလို့ကို မရဘူး..."

နှာခေါင်းရှုံ့ကာ ပြောလိုက်တဲ့ သူငယ်ချင်းမလေးကြောင့် ကျန်သူများမှာ အံ့ဩသွားတဲ့ အထိ..။

ချိုမီ... လင်းမြတ်သူကလည်း ပေါ့သေးသေး အနေအထား မဟုတ်ဘူး နော်..."

"မြတ်နိုး ငါပြောမယ်... မိန်းကလေးဆိုတာ မြင့်သထက် မြင့်အောင် တွေး နေရမှာဟ... လူတွေက ပြောတယ် ချိုမီ... နင့်မိဘတွေလည်း ဒိတ်ဒိတ်ကြဲ ပိုက်ဆံရှိနေပြီပဲ... နင်က မင်းသမီးလိုပဲလေ... ငွေနောက် လိုက်စရာ လို သေးလို့လားတဲ့... ငါက ပြန်ပြောလိုက်ချင်တယ်... ငွေမရှိတဲ့ လူက ကြိုက် တဲ့သူ ကောက်ယူ ပြဿနာ မရှိဘူး... ငါတို့လို လူမျိုးတွေကတော့ တစ်ထစ် လေးတောင် ခြေချော်၊ လက်ချော် ပြုတ်ကျလို့ မရဘူး... အခု မင်းသမီးလိုဆို

ရင်… နောက်ခါ ဘုရင်မလို ထားနိုင်တဲ့သူကိုပဲ အာရုံထား စိတ်ဝင်စားရမှာပဲ… ဒါ ငါ့ရဲ့ logic ပဲ…"

မြတ်နိုး မနိုင်စွာ ခေါင်းခါလိုက်သည်။ ချိုမီက အမြဲတမ်း အမြင့်ကိုပဲ မှန်းနေတဲ့ မိန်းကလေး တစ်ယောက်… မရှိလို့ မှန်းတာ မဟုတ်ပဲ ရှိလို့ကို မှန်းနေတဲ့ လူမျိုးပင်…၊

သူတို့ စကားပြောတဲ့ အချိန်တွင်းမှာပဲ ကျောင်းဝင်းထဲသို့ အပြာရင့်ရင့် ပြိုင်ကားလေး တစ်စီး မောင်းဝင်လာကာ ကျွမ်းကျင်စွာပင် Car parking မှာ ထိုးဝင်လိုက်သည်။

ထိုကားပေါ်မှ ဆင်းလာတဲ့ ကောင်လေးကတော့ အားလုံး စောင့်မျှော်နေတဲ့ လမင်းခကြွေ…

အမြဲရိုးရှင်းစွာ ဝတ်ဆင်တတ်ပြီး လူငယ် တစ်ယောက်လို လွတ်လပ်တက်ကြွနေတဲ့ ခခ…၊

သူကျောင်းတက်တဲ့ ရက်တွေက သိပ်ရှားတယ်။ အလုပ်လုပ် ရတာကို ကျောင်းတတ်ရတာထက် ပိုပျော်တဲ့ သူဟာ သူ့အဖေရဲ့ ဖြစ်ချင်မှုကြောင့် ကျောင်းကိုလည်း လက်မလွှတ်ခဲ့ဘူး…

မျက်နှာလေး ပြုံးချိုစွာနဲ့ ကော်ရစ်တာဘက် လမ်းလျှောက် လာတော့ အားလုံးရဲ့ အကြည့်တွေက သူ့ဆီမှာသာ…

" ခခ လာပြီ ချိုမီ…"

ချိုမီ အဆင်သင့် ပြင်လိုက်သည်။

သဘောကောင်းတတ်တဲ့ ခခကို မာနတစ်လူလူနဲ့ မဝင်ဘူး…အေးမြတဲ့ အပြုံးနုနုလေးတွေနဲ့ပဲ တိုးဝင်တယ်…

"ခ…"

ခခဆီသို့ ချိုမီ နူးညံ့စွာ လှမ်းလာသည်။

ခခကတော့ ပင်ကိုယ် အပြုံးချိုချိုလေးတွေနဲ့ပဲ...

"Morning ချိုမီ..."

"Morningပါ ခ... တို့ ခ ကို အကူအညီ တောင်းစရာရှိလို့..."

စလာပါပြီ...၊ ချိုမီရဲ့ အကြံတွေကို ဖြစ်ချင်တာတွေကို ခခ

သိပေမဲ့ မသိဟန် ပြုထားလိုက်သည်။ ကိုယ်အတည် မပြုသရွေ့ ဘယ်အရာမှ Confirm မဖြစ်ဘူးလေ...၊

"အတော်ပဲ ငါလည်း ပြောစရာရှိတယ် ချိုမီ... လင်းမြတ် နင့်ကြောင့် တော်တော် ကွဲနေတယ်... နင်ငြင်းလိုက်တယ်ဆို"

ချိုမီ ထိန်းမရအောင် မျက်နှာပျက် သွားမိသည်။

"ငါမှ လင်းကို စိတ်မဝင်စားတာ... ငါစိတ်ဝင်စားတာက..."

အာ... နောက်မှ ပြောမယ် ချိုမီ... နင်အကူအညီ လိုရင် လင်းမြတ်ကို တောင်းလိုက်... လင်းမြတ်က နင့်ဆို ဖျပ်ဖျပ်လူးအောင် ကူညီချင်နေတာ..."

ကျောပိုးအိတ်ကို သေချာ ပြန်လွယ်ကာ စပ်ဖြီးဖြီးနဲ့ ပြောသွားတဲ့ ခခကြောင့် ချိုမီ စပ်စပ်ခါအောင် ကျန်ခဲ့သည်။

ခခကတော့ တစ်တန်းလုံး နီးပါးကို အပြုံးနဲ့ နှုတ်ဆက်ပြီး အတန်းထဲကို ဝင်သွားချေပြီ....

သူမကြားချင် သူမသိချင်တာတွေ အတည် မပြုနိုင်အောင် ကျော်လွှားတတ်တာလည်း လမင်းခကြွေရဲ့ အရည်အချင်းတစ်ခု လိုပင်...

အရေးကြီးတဲ့ အတန်းတွေကို တက်ပြီးတဲ့ အချိန်မှာ သူလုပ်စရာ အလုပ်ကုန်သွားသလို အားလုံးကို နှုတ်ဆက်ပြီး ပြန်သွားတဲ့ ခခ...

သူလေး နောက်တစ်ခါ အတန်းတက်ဖို့ သူတို့တွေ ဘယ်နှစ် ရက်လောက် ထပ်စောင့်ရဦးမှာလဲ...

ဇနာရီမှာ ကျောင်းလာတတ်ပြီး နေ့လယ်စာ စားချိန်မှာ ပြန်သွားတဲ့ ခခ ကြောင့် နေ့လယ်စာ အတူစားဖို့ ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ တွေးနေတဲ့ ကျောင်းသူ ကျောင်းသားတွေရဲ့ စိတ် ကူးယဉ်မှုကို ခခက လက်ဖျောက် တစ်ချက် တီးပြီး ဖြေဖျောက် ပစ်လိုက်သလိုပင်...

တာဝန်အရ ကျောင်းတတ်ပြီးတာနဲ့ ခခရဲ့ ပြတိုက်ဆီကို ပြေးရတော့သည်။

ငယ်ငယ်ထဲက ရင်းနှီး ကျွမ်းဝင်အောင် ဖေကြီးက သင်ပေးခဲ့တာမို့ အသက်၂၂နှစ် အရွယ်မှာတော့ ကျောက်လောကဆိုတာ ခခအတွက် ထမင်းစား ရေသောက် ကျင်လည် ကျက်စားရာ နေရာလိုပင်...။

ဖြစ်ချင်တာကော ဖြစ်သင့်တာပါ အကောင်အထည်ဖော် နိုင်ရမယ် ဆိုတဲ့ ကျေးဇူးရှင် ဖေဖေကြီးရဲ့ ဆုံးမစကားကြောင့် လည်း kingGroup တွင် ရှယ်ယာတွေကို ထည့်သွင်း ထားရသည်။

ငယ့်မှငယ် အဖြစ်သည်းသော ဖေကြီးကတော့ ယောင်ယမ်းပြီးတောင် ခခကို သူ့ရှယ်ယာတွေ မပေးပါ... ဒါပေမဲ့ သူ့အလုပ်မှာတော့ ဖြစ်သင့်တာဟုဆိုကာ ခခကို share ဝင်ခိုင်းထားပြီး နေရာ ယူခိုင်းထားသေးသည်။

ဒီတစ်ပတ်ထဲ ခခရဲ့ ကျောက်တွင်းတွေမှ ထွက်တဲ့ ကျောက်စိမ်း စာရင်းတွေကို သေချာ စစ်ဆေးပြီး တကယ် ထိပ်တန်းကျောက် တွေကိုတော့ ကုန်သည်တွေနဲ့ပါ တစ်ခါတည်း ပြရန် ချိတ်ဆက် ထားသည်။

ကျောက်တွင်းတွေ့တဲ့ ပါမစ်တွေ အခွန်တွေကို သေချာ စစ်ဆေး နေချိန်မှာတော့ ရုံးခန်းထဲ Tv မှဖွင့်ထားသော ပါတီဝင် အမတ်လောင်းတွေမှ မဲဆွယ်

မှုတွေကို လွှင့်နေတာ ဖြစ်သည်။

မက်လုံးတွေ ရှယ်ပေးနေသော လွှတ်တော် အမတ်လောင်းတွေကို ကြည့်ပြီး ခခ နှုတ်ခမ်းလေး ကွေးတက်သွားအောင် ပြုံးမိသည်။

"ဒီနှစ် ရွေးကောက်ပွဲက စိတ်ဝင်စားစရာ ကောင်းတယ် အကိုလေးရဲ့..."

ခခရဲ့ အတွင်းရေးမှူး ကိုအုပ်စိုးပိုင်မှ မှတ်ချက် ပြုတာမို့ ခခ သေချာနားထောင်လိုက်သည်။

"ဘာလို့လဲ... ကိုအုပ်စိုး"

"လူလတ်ပိုင်းတွေကို လျာထားတယ်လေ... အဲဒီထဲမှာ အဟော့ဆုံးက ဦးသွန်းစေရာသော် ဆိုတဲ့ ဝန်ကြီးချုပ်လောင်းပဲ.... သူဆို တကယ် လက်တွေ့ကို စည်းရုံးရေး ဆင်းနေတာ... အလုပ်နဲ့ပဲ သက်သေပြလွန်းလို့ အားလုံးက သူ့ကို မှန်းထားကြတာ.... သူ့ပြင် မယ့်ဥပဒေက အားလုံး မျှော်မှန်းနေတဲ့ ဥပဒေတွေလေ အကိုလေးရဲ့..."

"တော်ပါဗျာ... သူတို့တွေက အချိန်တန် ချိုမိုင်မိုင် ကမယ့်သူတွေပဲ... ဒါပေမဲ့ ခခတို့ဘက်က ဘာအကျိုးအမြတ် ရှိနိုင်မလဲ တစ်ချက် စုံစမ်းထားဦးနော် ကိုအုပ်စိုး... ကျောက်တွင်း လုပ်ငန်းတွေက သူတို့ ပါးစပ်ထဲက ဥပဒေပဲ အကောင်ကြီးကြီးတွေကို အမြီးက ကိုင်ပြီး အိတ်ထဲ ထည့်ထားနိုင်ရင် အကောင်းဆုံးပဲ..."

နိုင်ငံရေးနဲ့ စီးပွားရေးဆိုတာ အမြဲ ဒွန်တွဲနေတာမို့ ဝင်မပါချင်လည်း ခခတို့က လုပ်ငန်းရှင်တွေက ကြားနေ အနေအထားနဲ့ ဝင်ရောက်ရတာကြီးပါပဲ...

ဒီလို အချိန်ဆိုရင် လူကြီးတွေကလည်း ခခတို့လို လုပ်ငန်းရှင်တွေကို လိုအပ်နေပြီ... သူတို့ မဲဆွယ်နိုင်ဖို့ ခခ တို့ဟာ သူတို့ အတွက် အကောင်းဆုံး

စပွန်ဆာပဲလေ... ခခတို့ဘက်က ပြန်ရ တာလည်း ရှိတယ်... အဲဒါကတော့ လုပ်ပိုင်ခွင့် အချို့ပေါ့...

ခခနဲ့ ကိုအုပ်စိုးနဲ့ စကားကောင်းနေသလို TV ထဲမှ အမတ်လောင်းခများ လည်း အားရပါးရကို မဲဆွယ်နေတုန်းပင်...

ရွေးကောက်ပွဲ ကာလ နီးလာလေလေ သွန်းစေရာ အလုပ်ရှုပ် လာလေ လေ...

အကောင်းဆုံးတွေကိုသာ ဖြစ်ချင် အောင်မြင်ချင်တဲ့ သူကတော့ လက်တွေ့ဖြင့်သာ တိုက်ပွဲဝင်ရန် စီစဉ်ထားသူ...

မနက်ဖြန် သူလိုအပ်တာတွေ စစ်ဆေးရမယ့် နေရာတွေကို သေချာ ပြန် ကြည့်နေသည်။

ရှေ့နေကနေ နိုင်ငံရေးထဲကို ဝင်တဲ့သူမို့ အမတ်လောင်း တွေထဲမှာ အသက် အငယ်ဆုံး အဖြစ်ရှိနေသူ... ဒါကြောင့်မို့ အခက်အခဲတွေ အများ ကြီး အတိုက်အခိုက်တွေ အများကြီးကို ရင်ဆိုင်ရ သည်။

ဒါတောင် သူက လျာထားတဲ့ အဆင့်ပဲ ရှိသေးတာပင်... တကယ် စင်ပေါ် ရောက်ဖို့ လက်တွေ့အကောင်အထည် ဖော်ပြရမှာတွေ ရှိတယ်...

သူအကောင်းဆုံး ကြိုးစားချင်တယ်... အတတ်နိုင်ဆုံး ဖေဖေ့ ကို စိတ်မ ပျက်စေချင်ဘူး...

ဒါကြောင့် အိမ်ပြန်ရောက်တာတောင် မနားသေးပဲ သူအလုပ် ဆက်လုပ် နေရသေးသည်။

ဒေါက် ဒေါက်...

အခန်း တံခါးမှ လာခေါက်တာမို့ သူ တံခါးထ ဖွင့်လိုက်တော့ ဖေဖေ...

"သား အလုပ်ရှုပ်နေလား..."

"မရှုပ်ပါဘူး ဖေဖေ... လုပ်ရမယ့် အလုပ်တွေကို တစ်ချက် ပြန်စစ်နေတာပါ... ဖေဖေ ဘာပြောစရာရှိလို့လဲ..."

"ရော့... သား"

အနီရောင် ဖိုင်တွဲလေး တစ်ခု...

"ဘာလဲ ဖေဖေ"

"king အင်ပါယာရဲ့ အချက်အလက်တွေပဲ... King လုပ်ငန်းစုက ဒီအချိန်မှာ အားလုံး မျက်စိကျနေတဲ့ အထောက်အပံ့ ကောင်းကောင်း ပေးနိုင်တယ်..."

"King အင်ပါယာရဲ့ သူဌေး ဦးလရောင်မှူးငယ်က နိုင်ငံရေး တွေမှာ ဝင်မပါဘူး မဟုတ်လား..."

"Kk ကျောက်မျက်လုပ်ငန်းက king အင်ပါယာရဲ့ အမွေ ဆက်ခံမယ့် သူတို့သားရဲ့ လုပ်ငန်းပဲ..."

Kk ကို စေရာသော် သိတယ်... နိုင်ငံ အကြီးအကဲတွေကို ကောင်းကောင်း supporting ပေးနိုင်တယ်လို့ သူတို့ အသိုင်းအဝိုင်း ကြားမှာ နာမည်ကြီးတယ်လေ...

ဖိုင်တွဲကို သေချာ ဖွင့်ကြည့်လိုက်တော့ ဓာတ်ပုံလေး တစ်ပုံနဲ့ အတူ အချက်အလက် တချို့နဲ့ ကျောက်တွင်း ပိုင်ဆိုင်မှုတွေက ကျောချမ်းစရာကောင်းလောက်အောင်ပင်...

ဒါတွေ အကုန်လုံးကို စေရာသော် မထင်မိတာက အသက်၂၂ နှစ်အရွယ်ကောင်လေး တစ်ယောက်ရဲ့ ပိုင်ဆိုင်မှုတဲ့လား...

ဘယ်အသက်အရွယ်ထဲက အလုပ်လုပ်လို့ ဒီအရွယ်လေးနဲ့ ဒီလောက်ပိုင်ဆိုင်မှုတွေ များနေတာလဲ...

"သား... kk က လမင်းခကြွေကို သားလျှောက်လှမ်းရမယ့် ခက်ခဲမှု တချို့

အတွက် လှေကား လုပ်သွားလို့ ရတယ်... ဒါပေမဲ့ တစ်ခုတော့ သတိထားရမယ် သား..."

"လမင်းခကြွေက ပုံမှန် မိသားစုက မွေးလာတာ မဟုတ်ဘူး... သူက အဖေနှစ်ယောက်ကနေ မွေးလာတာ... ဖေဖေ ပြောချင်တာက သား သူ့ကို လူပဲ ပေါင်းလို့ရမယ် စိတ်ပေါင်းလို့ မရဘူး ဆိုတာပဲ... သား... ဖေဖေ အတွက် သားက အရေးကြီးဆုံးပဲ... ငါ့ရဲ့သားက ပုံမှန်မိသားစု တစ်ခုကိုပဲ ပျိုးထောင်ရမယ်"

စေရာ ဓာတ်ပုံလေးကို သေချာ ပြန်ကြည့်လိုက်သည်။

လမင်းခကြွေ...

ဓာတ်ပုံထဲမှ ကောင်လေးက အပြုံးချိုချိုလေးတွေနဲ့ သူ့ကို ပြုံးပြနေသည်။

***

အပိုင်း(၂)

သွန်း သူ့ရဲ့ ရုံးခန်းထဲမှာ ထိုင်ကာ သူ့ရဲ့ ရှေ့တွင် ရောက်နေသော ဖိုင်တွဲကို ကြည့်နေမိသည်။

"လမင်းခကြွေ..."

အမှန် ပြောရမယ်ဆိုရင် ကိုယ့်ထက် အသက်ဂုနှစ်ထက် ငယ်နေတဲ့ ကလေးသာသာ ကောင်လေး တစ်ယောက်ကို ဘာကို ယုံကြည်ရမလဲလို့ တွေးမိနေတယ်...၊ မာနက ခံနေတယ်...၊ ထိုဖိုင်တွဲနဲ့ အတူ ဘေးမှာ ရှိနေတာကတော့ ဒီည လူကြီးပိုင်းတွေနဲ့ ဒိတ်ဒိတ်ကြဲ စီးပွားရေးသမားတွေ အတွက်သာ စီစဉ်ထားသလို ဖြစ်နေမယ့် ဦးမြသောမောင်ရဲ့ မွေးနေ့ပွဲ...

Daddy ရဲ့ အပြောအရ ဒီညပွဲကို လမင်းခကြွေက တက်ရောက်မည်။ အမြဲ daddy ရဲ့ အကြံပေးချက်တိုင်းသာ လုပ်ခဲ့တဲ့ စေရာသော်ဟာ ဒီညလည်း အဲဒီပွဲကို သွားဖို့ စီစဉ်ပြီးပြီ။

ပြောရမယ်ဆိုရင် ဒီည မွေးနေ့ပွဲမှာ လမင်းခကြွေနဲ့ ရင်းနှီးခဲ့ဖို့ လိုတယ်...

ဒါမှ ရှေ့ဆက်ဖို့ နည်းလမ်းတွေ ရှိလာမှာပင်...။

ဒေါက် ဒေါက်...

တံခါးခေါက်သံ နှစ်ချက်နဲ့ အတူ ဝင်လာတဲ့ စေရာသော်ရဲ့ အကြံပေး မြတ်သူရ...။

အခန်းထဲ ဝင်တာနဲ့ သူစုံစမ်းထားတဲ့ အချက်အလက်တွေကို သေချာ ထုတ်ပြလာပြီး

"ကျွန်တော် လေ့လာခဲ့ပြီး သလောက်ပါ ဆရာ... ဒါတွေ အကုန်လုံးက လမင်းခကြွေရဲ့ ပိုင်ဆိုင်မှုတွေပါပဲ... မိုးကုတ်မှာ ရှိတဲ့ သူ့ရဲ့ကျောက်တွင်းတွေ အကုန်က သူ့အသက် ၁၈နှစ်မှာ အကုန် သူ့နာမည်နဲ့ ဖြစ်နေပြီ... နောက်ပြီး သူက အဲဒီထဲက နိုင်ငံရေးသမားတွေ ကြားထဲ ဝင်နေတာလို့လည်း ပြောကြတယ်..."

"ဘယ်လို နိုင်ငံရေး လောကထဲ ဝင်တာလဲ... သူက နိုင်ငံရေး လုပ်တာလား"

"မဟုတ်ဘူး ဆရာ... အထောက်အပံ့ ပေးပြီး လုပ်ပိုင်ခွင့် ပြန်ယူတာ..."

နိုင်ငံရေးဟာ စီးပွားရေးနဲ့ တိုက်ရိုက် သက်ဆိုင်တာမို့ ဒါဟာ မထူးဆန်း...၊

စီးပွားရေးသမားတွေက သူတို့ရဲ့ လုပ်ကွက်တွေ တောင်းတတ်တယ်... အဲဒီအတွက် သူတို့ ပြန်ကာကွယ်တဲ့ အပိုင်းတွေလည်း ရှိတယ်... ဒီလို ကာကွယ်မှုတွေကို ယူရပြီး လုပ်ရတာတွေဟာ မထူးဆန်း... သူတို့ အားလုံးဟာ နားလည်ကြတယ်...

"သူက ပုဂ္ဂိုလ်စွဲတွေ ရှိတာမျိုးလား..."

"မဟုတ်ဘူး ဆရာရဲ့... သူက သူ့ရဲ့ အကျိုးစီးပွားဖြစ်မယ် ဆိုရင်... စီးပွားရေး အတွက် အလားအလာရှိရင် သူက ထောက်ပံ့ ကူညီတာမျိုးတွေ လုပ်တယ်... ဆရာ့ကို သူက ကူညီထောက်ပံ့ပြီး အခြားတစ်ဖက်ကို လွှတ်ထားတာမျိုး လုပ်တယ်ဆိုတာ သူ့သမိုင်းမှာ မရှိဘူး... ဆရာ့ကို ထောက်ပံ့သလို ဆရာ့ရဲ့ ပြိုင်ဘက်ကိုလည်း သူထောက်ပံ့နေမှာပဲ... အဲဒီထဲကမှ အလားအလာ ရှိပြီး သူ့အကျိုး အမြတ်ရှိတဲ့ လူကို ပိုထောက်ပံ့လိမ့်မယ်"

အမြင် ရှိလိုက်လေခြင်း...

သူတောင် မစဉ်းစားမိတဲ့ တစ်ဖက်ပါပဲ...

စီးပွားရေးသမား စစ်စစ်တွေက လူမျိုးစွဲ ပုဂ္ဂိုလ်စွဲ မထားရဘူးဆိုတာ ဒီကောင်လေးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ သဘောပေါက် နေခဲ့တာပဲ...

"သူသာ ကျွန်တော်တို့နဲ့ အဆင်ပြေခဲ့မယ်ဆိုရင် သေချာတယ် ကျွန်တော်တို့ အခု လိုအပ်နေတဲ့ ငွေကြေး တချို့ကို sponsor ရလာနိုင်တယ်... သူက တကယ့် နတ်ဘုရားလို အရာရာ ထိုးဖောက် မြင်နိုင်စွမ်း ရှိတာမို့ တကယ်လို့ သူနဲ့ ကျွန်တော်တို့နဲ့ partner ကောင်းတွေ ဖြစ်ခဲ့ရင် ဝန်ကြီးနေရာဆိုတာ လွယ်ကူသွားမှာပဲ"

ပါတီမှာ တွေ့နိုင်ရင်တောင် လူ့ယဉ်ကျေးမှုအရ ဝင်မတိုးရတဲ့ အရာတွေ ရှိတတ်တယ်...

ဥပမာ... ကိုယ့်ရဲ့ ပြိုင်ဘက်က သူနဲ့ ရင်းနှီးနေတဲ့အခါ တိုက်ရိုက် တိုးဝင်လို့ မရတာမျိုး...

"သူနဲ့ ငါတို့ကြားမှာ ရင်းနှီးမှု ရလာဖို့ လိုသေးတယ်"

စေရာသော် ခုံကို တတောက်တောက် ခေါက်နေလိုက်သည်။

သူ့ရဲ့အကြည့်တွေကတော့ ဖိုင်ထဲမှ ကောင်လေးဆီသို့...

နာမည်ကြီးလွန်းတဲ့ ကောင်လေးရေ... မင်းမှာ ကျော်ကြား နေသလောက် တကယ်ပဲ မင်းဟာ အရည်အချင်းတွေ ရှိနေလား သိချင်ပါရဲ့...

ဒီညပွဲကို Daddyရဲ့ ဆန္ဒဆိုတာထက် သူ့စိတ်က ပိုမို စိတ်ဝင်စားလာသည်။

"ဒီည ပွဲကို ဘယ်သူတွေ တက်မလဲဆိုတာ စုံစမ်းထားပါ ဇေယျာ..."

မယုံကြည်သေးတာမို့ ကိုယ့်ဘာသာ သေချာ ဝေခွဲဦးမည်။

လူကြီးပိုင်း ဆိုင်ရာများကို ဖိတ်ကြားထားတဲ့ ပွဲမို့ လုံခြုံရေးကို တင်းကျပ်စွာ စီစဉ်ထားပြီး ပွဲကျင်းပရာ နေရာသည်လည်း သူတို့ လုံခြုံ စိတ်ချရတဲ့

နေရာမှာသာ စီစဉ်ထားကြသည်။

နာမည်ကြီး အရက်တွေ တံဆိပ်မျိုးစုံ ချခင်းထားပြီး ဝိုင်များသည်လည်း နှစ်ချို့ဝိုင် အကောင်းဆုံးစားတွေသာ...

ဒီပါတီပွဲကို လာတဲ့သူများသည် တစ်ချိန်တွင် အဖွဲ့အစည်းများရဲ့ အကြီးအကဲ ဖြစ်လာမယ့် သူများပင်...

စီးပွားရေးသမား တော်တော်များများဟာ ဒီပွဲကို စိတ်ဝင်စားကြတယ်... ဘာလို့လဲဆိုရင် သူတို့ အခွင့်အရေးတွေ အများကြီး ရနိုင်တာမို့ပဲ...။ အဲဒီလိုပဲ နိုင်ငံရေး သမားတွေဟာလည်း ဒီလိုပွဲကို လက်လွှတ် မခံတတ်ဘူး...။ စီးပွားရေး သမားများမှာတော့ အာဏာရှိ လူတချို့ရဲ့ ခွင့်ပြုချက်ရမှ အကောင်အထည် ဖော်နိုင်မှာတွေ ရှိတယ်... အဲဒီ အတွက် မပျက်မကွက် တက်ရောက်ကြတယ်...

မွေးနေ့ရှင်ကလည်း လူကြီး ဆိုင်ရာတွေကို တစ်ဦးမကျန် ဖိတ်ထားတာမို့ ပင်...

"ဒီနှစ်တော့ ဦးမင်းမြတ်ဟန်ပန်ရဲ့သား တက်မယ် ထင်တယ်... ဦးမင်းမြတ်က ခရီး ထွက်နေတယ်လေ... ဦးမြသောမောင်နဲ့ ဦးမင်းမြတ်က တအား ရင်းနှီးတော့ သူ့သားက မဖြစ်မနေ တက်လာမှာ"

အားလုံးဟာ လမင်းခကြွေကိုသာ စိတ်ဝင်စားကြသည်။

ပထမဆုံး ဝင်လာမယ့် ဒီလူငယ်လေးဟာ ဘယ်လို ထက်မြက်မှုတွေနဲ့ ဝင်လာမှာလဲ... ဘယ်လောက်တောင် အရည်အချင်းတွေ ရှိမလဲ...

သူတို့ ထင်မှတ်ခဲ့သလိုပင်... လမင်းခကြွေဟာ တက်ရောက် လာခဲ့တယ်...

အဖြူရောင် shirt လက်ရှည်ကို နံ့သာရောင် စတိုင်ပန်နဲ့ တွဲဝတ်ထားတဲ့ ၂၂နှစ် အရွယ် ကောင်လေးဟာ လူကြီး တစ်ယောက်လို ဝတ်စုံပြည့် မဝတ်

ထားပေမဲ့ အရှိန်အဝါ တစ်မျိုး တောက်ပနေသည်။

ခခ ဝင်လာတဲ့အခါ မွေးနေ့ရှင် ဦးမြသော ထွက်ကြိုကာ ဝမ်းသာ အားရ နှုတ်ဆက်သည်။

"Happy Birthday ပါ ဘဘ"

"မင်းမြတ် မရှိတော့ ငါ့မွေးနေ့ပွဲ မစည်တော့ဘူး ထင်နေတာ... သူ့သား ခခနဲ့မှ ပိုစည်ကားနေတယ်ကွ... ကဲ သား လွတ်လွတ် လပ်လပ်သာနေ..."

ခခ အကြည့်တစ်ချက် ဝဲလိုက်ပြီး သူ့ကိုသာ စူးစိုက် ကြည့်နေတဲ့ လူတစ်ယောက်ကို စိတ်ဝင်စားကာ သူရှိတဲ့ ဝိုင်းကို သွား လိုက်သည်။

အဲဒီ ဝိုင်းထဲမှာ ခခသိတဲ့ လူကြီး တချို့ပါနေတာကြောင့် ကောပေ့ါ...

ခခ ဝင်ထိုင်လိုက်တာနဲ့ သိတဲ့ လူတွေက မရင်နှီးတဲ့ လူတွေနှင့် တစ်ယောက်ချင်း မိတ်ဆက်သည်။

"လမင်းခကြွေက တကယ့်ကို ငယ်ငယ်လေး ရှိသေးတာပဲ..."

ခခ ပြုံးလိုက်မိသည်။

ဒီကနေ စတာပဲလေ... လူကြီးတွေက ခခကို စတွေ့ရင် ဒီအရွယ်လေးနဲ့လို့ သိပ်ပြောတတ်ကြသည်။

ဒီလို နေရာရဖို့ သူဘယ်အရွယ်မှာ ဘာတွေလုပ်ခဲ့သလဲ စိတ်မဝင်စားဘူး...။

ဒါတောင် ကိုယ့်အလုပ်နဲ့ ကိုယ်မို့ မဟုတ်ရင် ကိုယ့်ကို ရေပေါ်ဆီလို့တောင် ထင်နိုင်မယ့် အမျိုးတွေ..။

"ကိုယ် လမင်းခကြွေဆိုတဲ့ နာမည်ကို ကြားဖူးနေတာ ကြာနေပြီ... ခဆိုတာ ကျောက်လောကမှာ ဘုရင် တစ်ပါးပဲနော်... ဘယ်လိုတွေများ ကြိုးစားခဲ့သလဲ... ကျောက်လောကဆိုတာ အများကြီး ရှုပ်ထွေးတယ်လေ"

ဒီဝိုင်းမှာ သူ့ရဲ့ အရည်အချင်းကို စိတ်ဝင်စားတာ အဲဒီ လူတစ်ယောက်ပဲ ရှိတဲ့ ပုံပဲ...

ခုနက မိတ်ဆက်မှု အရ သူ့နာမည်က ဦးသွန်းစေရာသော် ဆိုတာ သိခဲ့သည်။

"ဖေကြီး ကျေးဇူးပဲလို့ ပြောရမယ်ဗျ... ကျွန်တော် ငယ်ငယ်ကတည်းက ကျောက်ဆိုတာ မစိမ်းသက်တဲ့ အရာတစ်ခုလို ဖြစ်အောင် လုပ်ပေးခဲ့တဲ့ ကျေးဇူးတွေပဲဗျ"

"ချီးကျူးပါတယ်ဗျာ... ဦးမင်းမြတ်က တကယ် သူ့ခြေရာ လိုက်နိုင်တဲ့ သားကို မွေးထားတာပဲ... ပြောသာ ပြောတာပါဗျာ... ဦးလရောင်မှူးငယ်ဆိုတာ ခပ်ညံ့ညံ့ မဟုတ်ဘူးလေ... ဒီလိုသားက ထက်မြက်နေတာ မထူးဆန်းပါဘူးဗျာ... ပုံမှန် မိသားစု မဟုတ်ပေမဲ့ ပုံမှန်လိုပဲ"

စကားဝိုင်းထဲမှ ဦးခေါင်သျှန်းရဲ့ ပြောစကားကြောင့် ခခ သေချာ အာရုံစိုက်လိုက်ကာ...

"ဘယ်လို ပုံမှန်မိသားစု မဟုတ်တာလဲဗျ.... အာ အဖေ နှစ်ယောက်နဲ့မို့ ပြောတာ ထင်တယ်"

ခခ အပြုံးမပျက်ပဲ ပြောလိုက်သည်။

"ကိုယ်တို့လည်း မင်းမလာခင် အဲဒီကိစ္စ ပြောနေကြတာကွ... မင်းက ဥပဒေတွေ အကြောင်း စိတ်ဝင်စားလား မသိပေမဲ့ ဝိုင်း ဆွေးနွေးလို့ ရတော့ပေါ့ကွာ..."

"ကျွန်တော်ကတော့ စီးပွားရေး သမားလေဗျာ... အားလုံးကို စိတ်ဝင်စားပါတယ်ဗျာ"

အားလုံးက သဘောကျစွာ ရယ်မောကြပေမဲ့ ဦးစေရာသော်ဆိုတဲ့ လူ

ကတော့ စကား အပျက်မခံကာ...

"လိင်တူစုံတွဲတွေ အတွက် ပြင်ဆင်ရမယ့် ဥပဒေတွေကို ဆွေးနွေးနေကြတာ..."

"ဟုတ်တယ် သားရဲ့ ဒါကတော့ မင်းလည်း စိမ်းမယ် မဟုတ်ပါဘူး... တို့နိုင်ငံမှာ လိင်တူ စုံတွဲတွေကို သေသေချာချာ ကာကွယ်ရမယ့် ဥပဒေ ရှိရမယ်... ဒါက လူ့အခွင့်အရေးနဲ့လည်း သက် ဆိုင်တယ်"

"ကျွန်တော် ဝင်ဆွေးနွေးလို့ ရမလား..."

"ဒါပေါ့ကွ... သားက ဒီလို အကြောင်းအရာမှာ ပိုသိမှာပဲလေ"

"လိင်တူ စုံတွဲတွေကို ဥပဒေ ထုတ်ပြီး ကာကွယ်ရင် ပိုပြီး ခွဲခြားသလို ဖြစ်နေတယ်လို့ ကျွန်တော် ထင်တယ်... သူတို့ကို ခွဲခြား မမြင်ဖို့ဆိုရင် ပုံမှန်လို မြင်နိုင်ဖို့လည်း လိုအပ်တယ်... ပုံမှန်အတွဲလို မြင်နိုင်ဖို့က ပိုအရေးကြီးတယ်ဗျ... အထူး အဆန်းတွေလိုမျိုး ဥပဒေ ထုတ်မှ ကာကွယ်နိုင်မယ် သူတို့ကို ငါတို့က ကာကွယ်ပေးနေမှ ဖြစ်မယ်လို့ ဘာလို့တွေးကြလဲ ကျွန်တော် နားမလည်နိုင်ဘူး... ဒီလို လုပ်တာတွေက သူတို့တွေက ပုံမှန် မဟုတ်ဘူးလို့ ပိုမိုမြင်သာတယ် .. ကျွန်တော့် အဖေနှစ်ယောက်ဆိုရင် ပုံမှန် rs တစ်ခုလိုပဲ နေတာ အားလုံး အမြင်ပဲလေ... LGBT တွေမှာ သူတို့ ဝင်ပြောတာ မရှိဘူး... ဘာလို့ဆို ဖေကြီးကော ဖေကောရဲ့ စိတ်ထဲမှာ ငါတို့ မူမမှန်ဘူး ဆိုတဲ့ စိတ်ကို မရှိတာလေ... အဲဒီတော့ သူတို့ နှစ်ယောက်ဟာ လက်တွဲဖော်တွေပဲ... အဲဒီလိုပဲ သူတို့ကနေ ဖြစ်ပေါ်လာတဲ့ လမင်းခကြွေဆိုတဲ့ ကျွန်တော်ကလည်း ငါက ပုံမှန် မဟုတ်တဲ့ မိသားစုက မွေးလာတယ်ဆိုတဲ့ အတွေး မရှိဘူး... ကျွန်တော်ရဲ့ မိသားစုဟာ ပုံမှန်ပဲ"

ခုနကထိ အကျိတ်အနယ် ဆွေးနွေးပြီး ထုတ်သင့် မထုတ်သင့် တွေးနေကြတဲ့ သူတွေဟာ ဒီကောင်လေးရဲ့ စကားကြောင့် ငြိမ်သက်သွားကြသည်။

စေရာ စိတ်ထဲတွင်လည်း ဒီကောင်လေးကို သဘောကျ စိတ်ဝင်စားသွားသည်။

လမင်းခကြွေဆိုပြီး နာမည်ကြီးနေတာ အလွန် မဟုတ်ဘူးပဲ...

တကယ်ကိုပဲ ဒီကောင်လေးဟာ အရှိန်အဝါ နေတစ်စင်းလို တောက်ပနေသည်လေ....

ကိုယ်မင်းကို စိတ်ဝင်စားတယ် ကောင်လေး...

***

အပိုင်း(၃)

"တွေ့ရတာ ဝမ်းသာပါတယ်..."

ဝိုင်ခွက် တစ်ခွက်နဲ့ အတူ အနားသို့ ရောက်လာတဲ့ ဝန်ကြီးလောင်း ဦးသွန်းစေရာသော်...

ခခ တစ်ချက် ပြုံးလိုက်သည်။

တကယ့်ကို နှစ်လိုဖွယ် အပြုံးမျိုး...

အပြုံးဟာ အားလုံးကို အနိုင် ယူနိုင်တယ်...

အခုလို ငွေရမယ့် လမ်းရှိရာလေးကို ညွှန်ပြနိုင်တဲ့ ဝန်ကြီးချုပ်လောင်းလို လူမျိုးရှေ့ပိုပြီး ချိုမြိန်တဲ့ အပြုံးလေးတွေကို ပြုံးထားတယ်...

"ကျွန်တော်က ပိုဝမ်းသာပါတယ် ခင်ဗျ"

"ကိုယ် မင်းရဲ့ အကြောင်းတွေ အများကြီး ကြားခဲ့ရတယ်... ပိုပြီး ပွင့်လင်းပြောရမယ်ဆိုရင် ကိုယ် မင်းအကြောင်းတွေ အနည်းငယ် လေ့လာထားတယ်..."

"ကျွန်တော့်ကို စိတ်ဝင်စားတာ ဂုဏ်ယူပါတယ်... ဒါပေမဲ့ သိချင်တာလေး ရှိသွားတယ်... ဘာလို့ အကုန်မစုံစမ်းခဲ့လဲ ဆိုတာကိုပေါ့..."

"မင်းရဲ့ ကျန်တဲ့ အချက်အလက်ကိုတော့ ကိုယ့်ဘက်က မင်းနဲ့ ရင်းနှီးပြီးပဲ သိချင်လို့... မင်းတွေ့ကြုံဖူးတဲ့ နိုင်ငံရေး သမားတွေလိုမျိုး မဟုတ်ပဲ ကိုယ်တို့တွေ တစ်ယောက်ကို တစ်ယောက် အရင် ခင်မင်ကြမလား..."

ခခ ထိုလူကို သေချာ စိုက်ကြည့်လိုက်သည်။

အင်း… ဒီလူရဲ့ အကြောင်းက မခေဘူးပဲ…

ပဟေဠိတွေလည်း သူ့ရဲ့ မျက်နှာမှာ အထင်သား ဖြစ်နေသည်။

ခခ အဲဒီလောက် လူကဲခတ် မညံ့ဘူးလေ…။

နောက်ပြီး ဒီလူကြီးကို သူစိတ်ဝင်စားတယ်….

ဒီတိုင်း နှစ်သက် သဘောကျတာမျိုး…၊

အရည်အချင်းလည်း ရှိနေတာကို စိတ်ဝင်စားမိတာမျိုး…။

"ကျွန်တော့်ဘက်က ဦးသွန်းစေရာသော်လို လူမျိုးနဲ့ ခင်မင်နိုင်တာ ဝမ်းသာစရာပါ… နောက်ပြီး"

"ခဏ"

"ကိုယ်တို့ မိတ်ဆွေအဆင့်ကို တိုးချင်တယ်ဆိုရင် ကိုယ့်နာမည်ခေါ်တာ အရှည်ကြီး မဖြစ်နေဘူးလား"

လက်ထဲတွင် ကိုင်ထားသော ကော့တေး ခွက်လေးကို တစ်ငုံသောက်ကာ ပြုံးလိုက်ပြီး

"နည်းနည်းလေးတော့ ထောက်တယ်"

"ဟုတ်ပြီ… ဒါဆို ကိုယ့်နာမည်ကို မင်းအဆင်ပြေသလို ခေါ်ပါ"

"ကိုကို"

"ဟင်"

လက်ထဲမှ ကော့တေးကို အရသာ ခံလိုက်ပြီး ခပ်တည်တည်နဲ့ပင် သူ့မျက်နှာကို ကြည့်ပြီးပြောလိုက်သည်။

"ကျွန်တော့် သဘောကျဆိုရင် ကိုကိုလို့ ခေါ်ချင်တယ်… အဆင်ပြေမလား"

ဒီလူရဲ့ အမူအရာကို သိချင်တာမို့ ခခ သွေးတိုးစမ်းတဲ့ သဘောနဲ့ ပြော

လိုက်သည်

စေရာသော် ဘက်ကလည်း ကောင်လေးဆီသို့ စက္ကန့်အနည်းငယ် စိုက်ကြည့်လိုက်သည်။

ပွင့်လင်းတယ် ....

ထက်မြက်တယ်....

"သားရဲ့ အိပ်မက်တွေ အတွက် လမင်းခကြွေက လှေကား တစ်ခု ဖြစ်လာလိမ့်မယ်..."

Daddyရဲ့ စကားကို ကြားယောင်မိတဲ့ အခါ စေရာသော် တစ်ချက် ပြုံးလိုက်သည်။

သူ့ရဲ့ အပြုံးကိုတော့ သူကိုယ်တိုင်ပဲ သိတယ်လေ..။

"Ok... မင်းအဆင်ပြေတယ်ဆိုရင် ကိုယ့်ဘက်ကလည်း အဆင်ပြေပါတယ် Moon"

Moon...

ကိုကို့ရဲ့ လမင်းပေါ့...

တစ်ယောက်နဲ့ တစ်ယောက် သေချာ စိုက်ကြည့်ပြီး သဘောကျစွာ တစ်ချက် ရယ်ကာ ဝိုင်ခွက်ကို တိုက်လိုက်သည်။

"ကျွန်တော်တို့ ယုံကြည်မှု ရှိသင့် မရှိသင့် ဆုံးဖြတ်ကြည့်ကြတာပေါ့"

"လူတစ်ယောက်ရဲ့ အကြောင်းကို သိချင်ရင် သူနဲ့ တူတူခရီး ထွက်ကြည့်တဲ့... Moon ကိုယ့်ရဲ့ အကြောင်းကို သိချင်ရင် မနက်ဖြန် ကိုယ်နယ်ဘက်သွားရဖို့ ရှိတယ်... လိုက်ခဲ့ချင်လား"

ခခ တစ်ချက် စဉ်းစားလိုက်သည် ။

မနက်ဖြန် အလုပ် ရှိပေမဲ့ သူခဏ ထားခဲ့လို့ရတဲ့ အလုပ်တွေပဲ ရှိတာပင်...

"လိုက်ကြည့်တာပေါ့... ကျွန်တော်လည်း ခရီး ထွက်ရတာကို နှစ်သက်သဘောကျပါတယ်..."

မနက် ၇နာရီ ထိုးချိန်မှာ စထွက်ခဲ့တဲ့ ခရီးစဉ် တစ်ခု...

နေ့လည် ၁၂ နာရီတွင် ထိုနယ်မြို့လေးကို ရောက်ရှိခဲ့သည်။

နယ်မြို့လေး ဆိုပေမဲ့ သိပ်မကျယ်သလို အရမ်းလည်း မသေးတဲ့ မြို့လေး...၊

ဦးစေရာသော်ကတော့ ဒီမြို့လေးကို ဖွံ့ဖြိုးမှု နောက်ကျနေဆဲ မြို့လေးလို့ သတ်မှတ်ထားတယ်လို့ သူပြောခဲ့သည်။

ဘယ်ကိုမှ မသွားသေးပဲ ဦးစေရာသော်ရဲ့ မိတ်ဆွေအိမ်ကိုပဲ တန်းဝင်ကာ ခဏ နားယူကြသည်။

ရောက်ဖူးတဲ့ နေရာကို ရောက်တိုင်း စီးပွားရေး သမားပီပီ ဘာစီးပွားရေး လုပ်ငန်းတွေ ကောင်းမွန်လည်းဆိုတာ စိတ်ဝင်စားတတ်တဲ့ ခခရဲ့ အကျင့်ကြောင့် ရောက်တာနဲ့ ဟိုဟိုဒီဒီ အနီးနားကို ပတ်ကြည့်လိုက်သည်။

တိုးတတ် နေသလိုလို မတိုးတတ် နေသလိုလိုနဲ့ ပြီးပြည့်စုံမှု မရှိသေးတဲ့ မြို့လေး...

"ပင်ပန်းနေပြီလား moon"

ခခ ခေါင်းပဲ ခါပြလိုက်သည်။

"ကိုကို"

နာမ်စား တစ်ခုကို ချက်ချင်း အသားကျတတ်တဲ့ ကောင်လေးဟာ ဒီနေ့မှာတော့ ကိုကိုဆိုတဲ့ နာမ်စားကို ပိုင်ပိုင်နိုင်နိုင် ပြောနေပြီ...

"အင်း..."

"ဒီမြို့ကို လာတာ... ကိုကို့ရဲ့ မဲဆွယ်စည်းရုံးရေး အတွက်ပဲလား..."

"အင်း... ဟုတ်တယ်... ကိုယ့်အမေက ဒီမြို့မှာ မွေးတာလေ... ကိုယ်က နိုင်ငံရေးသမား တစ်ယောက် အနေနဲ့ ကိုယ် အမြင်မတော်တဲ့ နယ်တွေကို ပြုပြင်ပေးချင်တော့ ပထမ ကိုယ်စဉ်းစားမိတာ ကိုယ့်အမေရဲ့ မွေးရပ်မြေ လေးကိုပဲ..."

လူတွေက ငါတို့ အတွက်လို့ တွေးပြီးမှ သူများအတွက် တွေးကြတယ်ဆို တာ အမှန်ပဲလို့ ခခ တွေးလိုက်မိသည်။

"ဒီမြို့မှာ ကိုကို ပြုပြင်စရာ နေရာ ဘယ်နေရာကိုမှ ကျွန်တော် မတွေ့ဘူး နော်..."

"ဒီလောက် ပြုပြင်စရာတွေ အများကြီး ရှိတာကို Moon က ဘာလို့များ ဘာမှပြုပြင်စရာ မရှိဘူးလို့ တွေးတာလဲ..."

"ဒီနေရာက ဆိုးဆိုးရွားရွား ချို့ယွင်းနေတဲ့ နယ်မြေမျိုးမှ မဟုတ်တာ... ဝန်ကြီး တစ်ယောက်က ကိုယ်တိုင်ဆင်းပြီး သေချာ ပြုပြင် ပေးလောက် ရအောင်ထိပေါ့... ပညာပေးတွေလည်း မလိုသလို ကိုယ်တိုင် လက်ညှိုးထိုး နေစရာလည်း မလိုဘူး... တစ်ခုပဲ လိုအပ်တယ်... လူတွေရဲ့ ဖြစ်သလို နေ တတ်တဲ့ စိတ်တွေကိုပဲ ပြုပြင်ရမယ် ထင်တယ်..."

ခခရဲ့ အပြောကို သူစိတ်ဝင်တစား နားထောင်ကာ ပြန်ပြီး သူ့ရဲ့ စိတ်ကို မေးခွန်းထုတ် ဖြစ်သည်။

"ဆရာတို့ နေ့လယ်စာ အဆင်သင့် ဖြစ်ပါပြီ"

အိမ်ရှင် ဦးလေးကြီးရဲ့ထမင်းစား ခေါ်မှုကြောင့် ခခတို့ စကားစ ပြတ်သွား ပြီး...

"ကိုယ်တို့ ထမင်းစားကြရအောင်..."

တောရနံ့လေးတွေ ပါတဲ့ နေ့လယ်စာ ထမင်းဝိုင်းဟာ မခမ်းနားပေမဲ့ အရသာရှိမယ်မှန်း သိသာလွန်းသည်။

ဇွန်းနဲ့ ခက်ရင်းကို သေချာ ချထားပေမဲ့ ခခကတော့ လက်ဆေးဇလုံ ထဲမှ ရေနှင့် လက်ကို ဆေးကာ မြိန်ရေရှက်ရေ စားဖို့ပြင်လိုက်သည်။

"ဇွန်းနဲ့ မစားဘူးလား moon... လက်ကြီးနဲ့..."

"ကျွန်တော် လက်နဲ့ပဲ စားမှာ... သူတို့က ညှော့သည်ကို စားစေချင်တဲ့ စေတနာနဲ့ ကျွေးတယ်... ကျွန်တော်က သူတို့ရဲ့ မေတ္တာကို ကြားခံနယ် မယူပဲ လက်ခံမယ်... ဒီလို ထမင်းဝိုင်းတွေဆိုတာ ဇွန်းသံ တချွမ်ချွမ်က ပြီးပြည့်စုံတဲ့ အရသာကို ခံစားစေမိမှာ မဟုတ်ဘူး ကိုကိုရဲ့..."

ရင့်ကျက်လွန်းတဲ့ ကောင်လေးဟာ သူ့ကို ဟင်းဦးဖယ်ပေး ပြီးတာနဲ့ အားရပါးရကို စားတော့သည်။

အသက်ငယ်ပေမဲ့ ထက်မြက်ပြီး တွေးခေါ်နိုင်စွမ်း မြင့်တဲ့ ကောင်လေးကို သူက သူ့ရဲ့ လိုအင်တွေ အတွက် တကယ်ကို အသုံးချ နိုင်မှာလား...

အထူးအဆန်း တောခေလေ့ဟင်းတွေကို စားတိုင်း ဒါလေးက ဘယ်လိုချက်တာလဲဟု မေးတတ်သည်။ လေ့လာ တတ်သေးသည်။

ပြီးရင် ဖေဖေ့ကို ပြောပြပြီး ဖေကြီးကို ချက်ကျွေးဖို့ ပြောရမယ်လို့လည်း မိသားစုအပေါ် သိတတ်သေးသည်။

စေရာသော် moon ရဲ့စိတ်လေးကို သဘောကျ နေမိသည်။

နေ့လယ်စာ ထမင်းစားပြီးထဲက သူ့ရဲ့ မြို့လေး လိုအပ်တာကို ဆောင်ရွက်ရန် တာဝန်ရှိ လူကြီးတွေနဲ့ အတူ အပြင် ထွက်သွားသည်။

ခခကတော့ ကိုယ့်ဘာသာ ကြည့်ချင်တာမို့ လိုက်မသွား...၊

ညနေ ၃နာရီခွဲလောက်မှာတော့ လုပ်ရမယ့် အလုပ်တွေကို ညွှန်ကြားပြီး

ပြန်လာတဲ့ ဦးစေရာသော်...

နေကလည်း ပြင်းတာမို့ အိမ်အောက်က ကွပ်ပျစ်မှာ ထိုင်ကာ အမောဖြေနေသည်။

ခခကတော့ အိမ်ရှင်လူကြီးရဲ့ အမျိုးသမီး စက်ဘီးနှင့် လာရောင်းသော ဘုရားပန်းများ ဝယ်တာကို စိတ်ဝင်တစား ကြည့်နေမိသည်။

ဘုရားပန်းကို ဝေဝေဆာဆာ ထိုးတတ်တဲ့ ဟန်ပြုတဲ့ အဒေါ်ကြီးသည် လတ်ဆတ်တဲ့ ပန်းတော်တော် များများကို ဝယ်လိုက်သည်။

စုစုပေါင်း ၇၀၀၀ကျပ်ဖိုး...

"ဒီနေ့တော့ မျိုးထွန်းတို့ တော်တော် အမြတ်ရနေပြီပေါ့ကွ... ပန်းတွေလည်း ကုန်တော့မှာပဲ... ဘယ်လိုလဲ ၁သောင်းလောက်တော့ ကျန်တယ်ဟုတ်"

အိမ်ရှင် ဦးသာပေါင်းရဲ့ စနောက်သလိုလို ပြောလိုက်တဲ့ စကားကို ကြားတဲ့ အခါ ပန်းသည် ကောင်လေးက...

"၁သောင်းလောက် မြတ်ရင် ကျွန်တော် ၃ရက်လောက် ပန်းမရောင်းပဲ အိပ်နေမှာပေါ့ဗျ..."

ပန်းသည် ကောင်လေးရဲ့ အဖြေကို ကြားတဲ့ အခါ Moon ဟာ အံ့သြသွားတဲ့ ဟန်နဲ့

"အဲဗျာ... တစ်နေ့ ၁သောင်းမြတ်ရင် ဘာလို့ ၃ရက်အိပ်မယ်လို့ တွေးရတာလဲဗျာ... တစ်နေ့ကို ၂သောင်းဝင်အောင် ဘယ်လို လုပ်ရမလဲ ခင်ဗျား စဉ်းစားရမှာပေါ့ဗျာ..."

Moon ရဲ့အပြောကို စေရာသော် မတွေးမိဖူးတဲ့ ကိစ္စပါပဲ...၊ ဒီကောင်လေး ဒီအသက်အရွယ်နဲ့ ဒီလို နေရာရတာ ဒီလိုအတွေး အမြင်တွေကြောင့် နေ

မှာ...

ပန်းသည် ကောင်လေးက လောဘ တက်လိုက်တာ ဆိုတဲ့ အကြည့်နဲ့ တစ်ချက် ကြည့်ပြီး သူ့စက်ဘီးလေးကို နင်းကာ ထွက်သွားတော့မှ... ခခသည် မျက်စိ တစ်ဆုံး ကြည့်ကာ...

"လူတွေက ထူးဆန်းတယ် ကိုကို... အင်း... လူတွေရဲ့ အတွေးက ထူးဆန်းတယ်လို့ ပြောရမှာ ထင်ပါတယ်... ချမ်းသာတဲ့ အခါ ဒီလူတွေက ခွကျော်လုပ်ပြီး ချမ်းသာလာတာ... မျိုးရိုးကကို ချမ်းသာတာကိုလို့ ဖြေသိမ့်ကြတယ်... တကယ်တော့ လူတွေ မချမ်းသာတာက ခုနက ပန်းသည်လို အတွေးအခေါ်ကြောင့်ပဲလို့ ကျွန်တော်တော့ ထင်တယ်ရယ်..."

"..."

"ဘယ်အရာမှ အလွယ်တကူ မရတတ်ဘူး ဆိုတာကို နားမလည်သလို... ကိုယ့် ကြိုးစားမှုကြောင့် ပိုပိုသာသာလေး ရရင်လည်း သြော်... ငါက ကံကောင်းလိုက်တာလို့ တွေးလိုက်မှုကြောင့်ပဲ..."

တစ်စုံ တစ်ယောက်ရဲ့ စိတ်ရင်း ခံယူချက် အတ္တ အတွေးအခေါ်ကို သိချင်ရင် သူနဲ့ တူတူခရီးထွက်တဲ့...

ထိုနေ့က လမင်းခကြွေရဲ့ ဗီဇလေးတွေကို ဦးသွန်းစေရာသော် တစ်ယောက် သိခဲ့ရပေသည်။

*****

မီးရောင်စုံတွေ တောက်ပနေတဲ့ club တစ်ခုထဲတွင် အားလုံးဟာ စိတ်တွေကြွကာ ကခုန် ပျော်ပါးနေကြသည်။

ဆေးကနေ စပြီး လက်နက်အဆုံး အကုန်ရတဲ့ ဒီကလပ်ဟာ အလင်းအမှောင် လောကမှာ နာမည်ကြီးလွန်းတဲ့ ဦးထွန်းဇေယျာအောင်ရဲ့ တစ်ဦး

တည်းသောသား ကောင်းဇေယျာပိုင်ရဲ့ များစွာ သော ကလပ်ထဲမှ တစ်ခု...

ဘယ်လူကြီးမှ မထိရဲတဲ့ထိ ... မျက်ကွယ် ပြုထားရတဲ့ထိကို အရှိန်အဝါ ကြီးမားလွန်းသည်။

ဖအေဖြစ်သူထက် နှာတစ်ဖျား သာတဲ့ ကောင်းဇေယျာပိုင် ကတော့ အသက်၂၀လေးမှာတင် ရုပ်ခြင်းပွေခြင်းနဲ့ ရက်စက်ခြင်း ဆိုတဲ့ ဂုဏ်ပုဒ်တွေကိုပါ အပိုဆောင်း ယူထားသေးသည်။

နာမည်ရင်း ကောင်းဇေယျာပိုင်ပေမဲ့ အားလုံး ပိုသိတဲ့ နာမည်က "ငြမ်း"

ဘုရားပြီးရင် အဖျက်ခံရမယ့် ငြမ်း မဟုတ်ဘူး... သူမရှိရင် ဘုရားတောင် တည်မရတဲ့ ငြမ်း...

ခဲရောင် Highlight ဖောက်ထားတဲ့ ဆံပင်တွေဟာ မျက်လုံးတွေကို အုပ်လုမတတ် ရှည်ပြီး အနည်းငယ် ကွေးကောက်ကာ သူကခုန်လိုက်တော့ ဝဲတက်နေသည်။

ကလပ်ထဲမှ အားလုံးရဲ့ အကြည့်များသည် ငြမ်းရဲ့ အပေါ် တွင်သာ...

သူနဲ့ တစ်ရက်လောက် ဖြစ်ဖြစ်ဆိုတဲ့ စိတ်ကူးသည် ကလပ်ထဲမှ အမျိုးသမီး အမျိုးသားငယ်လေးများရဲ့ လက်ရှိ စိတ်ကူးပင်...

"Hey..."

ငြမ်းရဲ့ အနားသို့ တိုးလာတဲ့ အမျိုးသမီးငယ်လေး...

"အင်း..."

"ဒီည တို့ကို စိတ်ဝင်စားလို့ မရဘူးလား... ငြမ်း"

"အင်း... စိတ်ဝင်စားတယ်..."

မေးဖျားလေးကို အသာမော့ တင်လိုက်ပြီး ထိုအမျိုးသမီးလေးရဲ့ မျက်နှာကို ကြည့်ကာ ပြောလိုက်တဲ့ ငြမ်း...

"မင်းကို ဒီည စိတ်ဝင်စားတယ်... ဒါပေမဲ့ ဘယ်လို လုပ်ရမလဲ... ကိုယ် ဒီနေ့ ကိုယ့်ရဲ့ partner က ရှိနေပြီ..."

ငြမ်းရဲ့ စိတ်ဝင်စားတယ်ဆိုသော စကားကြောင့် ကောင်မလေးဟာ ဘာဖြစ်ဖြစ် အကုန် လုပ်ပေးတော့မယ့် အမူအရာမျိုး...

"တကယ်လို့ မင်းဘက်က အဆင်ပြေတယ်ဆိုရင် ကိုယ် threesome ပေးမယ်"

ကောင်မလေးရဲ့ sexy ကျတဲ့ အပြုံးလေးနဲ့ ခေါင်းညိတ်လိုက်တဲ့ အခါ ငြမ်းသည် ဟတ်ဟတ်ပက်ပက် တစ်ချက် ရယ်ပြီး သူ့ရဲ့ ဒီည partner ဟု သတ်မှတ်ထားတဲ့ ကောင်လေးကိုကော ထိုကောင်မလေးကိုပါ ဖက်ကာ ကလပ်ရဲ့ vvip room ထဲသို့ ဝင်သွား ချေသည်။

သူက ငြမ်းပဲ... သူက မရှိလည်း ဖြစ်ပေမဲ့ အားလုံး အတွက်တော့ သူက မရှိမဖြစ် စတင်ရာ...

နာမည်မသိလည်း ဖြစ်တယ်... အရေးကြီးတာ သူ့ကို sex အပိုင်းမှာ အကောင်းဆုံး အရသာ တွေ့စေမလဲပဲ စိတ်ဝင်စား တယ်...

***